



# ခုတ်ဖို့ မလိုပါ

## အမှာစာ

ဒီစာအုပ်မှာ လူငယ်လူရွယ်တွေ ကြုံတွေ့ရလေ့ရှိတဲ့အကြောင်းအရာများ၊ အခက်အခဲများ၊ ဖြေရှင်းပုံများကို ဇာတ်လမ်းဖြစ်အောင် ပြုစုထားပါတယ်။ ဒီစာအုပ်ကိုဖတ်ပြီး နောက်ဆက်တွဲမေးခွန်းတွေကိုဖြေကြည့်ခြင်း၊ လူငယ်အချင်းချင်း စုပေါင်းဆွေးနွေးခြင်းများ ပြုလုပ်ကြဖို့လည်း မေတ္တာရပ်ခံပါတယ်။


လူငယ်များ ဘဝတွက်တာသိမှတ်စရာတွေ တိုးတက်လာအောင် ဇာတ်လမ်းကိုသေသေချာချာဖတ်ပါ။ နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ပါ။ သိရှိလာတဲ့ အသိပညာ၊ သတင်းအချက်အလက်တွေကို နေ့စဉ်ဘဝမှာ ပြန်လည်ပြီးလက်တွေ့အသုံးပြုပါ။

အခက်အခဲပြဿနာတွေကို လူငယ်တို့ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ ဒီစာအုပ်က ဘဝလမ်းညွှန်အဖြစ်အကူအညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

တစ်ခါက မျိုးမတူတဲ့သစ်ပင်တွေအများကြီးပေါက်ရောက်နေတဲ့ တောအုပ်လေးတစ်ခုမှာ . . .
ကိုကြီးကျွန်းဆိုတဲ့ သစ်ပင်ပျိုလေးတစ်ပင်ရှိတယ်။



ကိုကြီးကျွန်းဟာ ဘကြီးပျဉ်းမငုတ်တိုအတွက် အရမ်းစိတ်မကောင်းဖြစ်နေတယ်။ တဖြည်းဖြည်းနဲ့ သူအပါအဝင် သစ်ပင်တွေ အခုတ်ခံရမှာကိုလည်း တွေးပူမိတယ်။



သစ်ပင်တွေအားလုံး စုဝေးတိုင်ပင်ကြတယ်။





လူတွေရောက်လာတဲ့တစ်နေ့မှာ.....
ဦးလေးတို့ရယ် ကျွန်တော်တို့ဟာ ဦးလေးတို့ လူတွေအတွက် အများကြီးအကျိုးပြုနေတာပါ၊ ကျွန်တော်တို့ကို မခုတ်ပါနဲ့လား ဗျာ။
ခုတ်ရမှာပဲကွ၊ အိမ်ဆောက်ဖို့ သစ် လိုတယ်လေ။
ဟုတ်တယ်၊ ဒါမှ ငါတို့ ထင်းရမှာပေါ့။

သစ်ပင်တွေနဲ့လူတွေနဲ့အပြန်အလှန်ဆွေးနွေးကြတယ်။




သစ်ပင်ပေါက်ကလေးကလည်း အမှတ်မထင် ဝင်ရောက်ပြောလေရာ...


မင်းတို့ပြောတာတော့ဟုတ်ပါပြီ၊ ဒီလိုသာသစ်ပင်မခုတ်ရဘူးဆိုရင် သစ်လိုရင်ဘယ်ကရမှာလဲ။
ကျွန်တော်အကြံ ပြုချင်တာကတော့ . . ကျွန်တော်တို့သစ်ပင်တွေ လည်း မျိုးမပြုန်းရအောင်၊ ဦးလေးတို့လည်း ထင်းရအောင် လိုသလောက်ပဲခုတ်ယူပြီး ပြန်စေချင်ပါ တယ်။
မခုတ်လို့မဖြစ်ဘူး ဆိုရင်တော့ . . . ခုတ်ပြီးတဲ့အခါ ပြန်စိုက်စေချင်ပါတယ်။
ထင်းလိုရင် . . . . ရွာနားမှာ ထင်းအတွက် သီးသန့်စိုက်ခင်း လုပ်ထားလို့လည်း ရနိုင် ပါတယ်။
ထင်း လိုရင် သစ်ပင် တစ်ပင်လုံး မခုတ်ဘဲ ကိုင်းဖျား၊ ကိုင်းနား ကိုပဲ ခုတ်စေချင်ပါ တယ်။
သက်တမ်းနုတဲ့ သစ်ပင်တွေ ကိုလည်း မခုတ်စေချင်ပါဘူး။

နောက်ဆုံးတော့ . . သစ်ပင်တွေအကြံပြုတဲ့အတိုင်းလုပ်ကြဖို့ လူတွေ သဘောတူသွားကြတယ်။



ခုတော့ . . .  ကိုကြီးကျွန်းတို့အားလုံး ပြုံးပျော်နိုင်ကြပါပြီ။



## ခုတ်ဖို့မလိုပါ

၁။ သစ်တောတွေက ဘာတွေအကျိုးပြုသလဲ။

------------------------------------------------------------

၂။ သစ်ပင်တွေ စည်းကမ်းမဲ့ခုတ်ရင် ဘာတွေဖြစ်မလဲ။

------------------------------------------------------------

၃။ သစ်တောတွေကို ဘယ်လိုကာကွယ်ပေးရမလဲ။

------------------------------------------------------------

၄။ သစ်တောတွေကို သင်ဘယ်လို ကာကွယ်ပေးနိုင်သလဲ။

------------------------------------------------------------

------------------------------------------------------------

# ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်သည် လူငယ်များအတွက် ဘဝတွက်တာအခြေခံကျွမ်းကျင်မှုများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန်ရည်ရွယ်ပါသည်။ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာတန်ဆောင်အဖွဲ့နှင့် UNICEFတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြု ကျောင်းပြင်ပရောက်ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ပညာသင်ယူခြင်းအစီအစဉ်(EXCEL)တွင်ပါဝင်သော ကလေးများကိုယ်တိုင်ပါဝင်ပြီး Mr. Greg Carl (ဘဝတွက်တာအခြေခံကျွမ်းကျင်မှုပညာပေးခြင်း အစီအစဉ် အတိုင်ပင်ခံပုဂ္ဂိုလ်)၏ ဦးဆောင်မှု၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကရုဏာမြန်မာလူမှုရေး အသင်း၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမအသင်း၊ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျောင်းပြင်ပ မူလတန်းပညာရေးစသည်တို့မှ ပံ့ပိုးကူညီမှုဖြင့်ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါဝင်ခဲ့ကြသော ဇာတ်လမ်းပြုစုသူများဖြစ်ကြသည့် မဟီးမိုး (ဒီမောဆိုး)၊ မောင်ဖရီးရယ်(ဒီမောဆိုး)၊ မောင်ဂျပ်စတင်းငယ်ငယ်(ဒီမောဆိုး)၊ မဖြူအောင် (သထုံ)၊ မမီးပု(သထုံ)၊ မောင်ထွန်းအောင်ကျော်(သထုံ)၊ မရီရီဝင်း(လှိုင်သာယာ)၊ မောင်သန်းဇော် (လှိုင်သာယာ)၊ မောင်ဝင်းကိုကိုထွန်း(လှိုင်သာယာ)၊ မောင်မျိုးဇင်ခိုင်(လှိုင်သာယာ)၊ မောင်မျိုးဝင်းအောင် (လှိုင်သာယာ)၊ မောင်ဇေယျာလင်း(ကော့မှူး)၊ မခင်စောမူ(ကော့မှူး)၊ မခိုင်သဇင်မိုး(ကော့မှူး)၊ နန့်ဉမ္မာထွေး(မြောင်းမြ)၊ နော်အယ်ဒိုလား (မြောင်းမြ)နှင့် ဆရာ ဦးအောင်ကျော်ကျော်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်လည်းကောင်း၊ ကွင်းဆင်းစမ်းသပ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ပါဝင်ကူညီပေးခဲ့သည့် ပညာတန်ဆောင်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊ EXCELအဖွဲ့ဝင်များ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများနှင့် ကျောင်းပြင်ပကလေးများအားလုံးတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# ကျောင်းပြင်ပကလေးများ ကိုယ်တိုင်ပြုစုထားသော စာအုပ်များ



သရုပ်ဖော်ပန်းချီ - ဆရာ ဟိန်းထက်

Australian Aid
DANIDA
EUROPEAN UNION
NORWEGIAN EMBASSY
UK aid from the British people
unicef unite for children